# ရှောင်ကြဉ်ရမည့်အချက်များ

၁။မျိုးစပါးကို (၁၀)ပြည် ထက်ပို၍ အသုံးမပြုရ။



၂။ မျိုးစေ့ချပြီး (၃-၅)ရက်အတွင်း ပျိုးပေါင်ကို ရေမလွှမ်းစေရ။



၃။ကောက်စိုက်ရာတွင် ပျိုးပင်အတိမ်အနက် တစ်လက်မခွဲအနက်ထက် မပိုစေရ။



၄။စိုက်ခင်းကိုအမြဲမပြတ် ရေလွှမ်းထားခြင်းမပြုလုပ်ရ။



၅။ ဓါတုဆေးများကိုမလိုအပ်ဘဲသုံးစွဲခြင်းမပြုရ။



၆။ရိတ်သိမ်းပြီးသော စပါးများအား စိုက်ခင်းအနီးရက်ကြာမြင့်စွာစုပုံထားပြီးခြွေလှေ့ခြင်းမပြုရ။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
စပါးသီးနှံဌာနခွဲ

# ပေါင်ပျိုးစနစ်ဖြင့်စိုက်ပျိုးရာတွင် စပါးစိုက်တောင်သူများ

## လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ



ဆက်သွယ်ရန်

- စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်
  ဖုန်း ၀၆၇-၄၁၀၀၀၇၊ ဖက်စ် ၀၆၇-၄၁၀၁၃၈
- စပါးသီးနှံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်
  ဖုန်း ၀၆၇-၄၁၀၀၇၀၊ ဖက်စ် ၀၆၇-၄၁၀၃၈၆

စပါးသီးနှံဌာနခွဲ မှ ဖြန့်ဝေသည်။

# လိုက်နာရမည့်အချက်များ

၁။တစ်ဧကလျှင် မျိုးသန့်စပါးမျိုးစေ့ (၆-၁၀)ပြည်ကို မျိုးညှောက်ဖောက်ပြီး အလျားပေ(၁၂၀)၊ အနံ(၃)ပေ၊ အမြင့်(၄)လက္မ ပျိုးပေါင် (၇)ပေါင်တွင် ပေါင်စနစ်ဖြင့် ပျိုးထောင်ပါ။




၂။မျိုးညှောက်ပေါက်များ ပူးကပ်ခြင်းမရှိစေရန် ညီညာစွာ ပျိုးကြဲ၍ မြေဆွေး/ စက်ဖွဲပြာ ဖုံးပါ။



၃။ပျိုးသက်(၂၀-၂၅)ရက်သားတွင်ချက်ချင်းနုတ် ချက်ချင်း စိုက်ပါ။



၄။စိုက်ခင်းကို စိမ့်မြောင်း၊ ပတ်မြောင်းများ ပြုလုပ်ထားပါ။



၅။ပျိုးပင်အနက် (၁-၁.၅)လက်မထား၍ လက်ဆကို ကောက်မြဲ(၁-၂)မြဲဖြင့် စိုက်ပါ။




၆။တစ်ဧကကောက်ကွက်(၁.၂ - ၁.၅)သိန်းဝင်ဆံ့အောင် ၈" × ၆" စနစ်ဖြင့် (၁၀)တန်း (၁)တန်းလှပ်စိုက်ပါ။



၇။ရေသွင်းရေခမ်းစနစ်အသုံးပြုပါ။ပေါင်းမြက်ကာကွယ် နှိမ်နင်းပါ။



၈။ဘက်စုံပိုးမွှားရောဂါ ကာကွယ်နည်းစနစ်ကို ကျင့်သုံးပါ။




၉။မြေခံအဖြစ်တစ်ဧကလျှင်သဘာဝမြေဩဇာ(နွားချေး ဆွေး) (၁-၂)တန်နှင့်(၁၅:၁၅:၁၅) ကွန်ပေါင်း ဓါတ်မြေဩဇာ(၅၀)ကီလိုဂရမ် (၁)အိတ်ကို အသုံးပြုပါ။ အပင်ပွားစည်းချိန်နှင့် မှို့ကပ်ချိန်တို့တွင် ပုလဲမြေဩဇာ (၁/၃) အိတ်နှင့် နွားချေးဆွေး(၁)အိတ်နှံ့နှံ့စီ၊ အလံရှက်ထွက်ချိန်တွင် ပုလဲမြေဩဇာ(၁/၃)အိတ်နှင့် နွားချေး(၁)အိတ် နှံ့နှံ့စီ၊ ပိုတက်ရှ်မြေဩဇာ (၁/၃)အိတ်ထည့်သွင်း ပေးပါ။







၁၀။မရိတ်သိမ်းမီ(၂)ပတ်အလိုတွင် ရေထုတ် ပေးပါ။



၁၁။ လေလွင့်ဆုံးရှုံးမှုနည်းစေရန်ရိတ်သိမ်းခြွေလှေ့စက် အသုံး ပြု ရိတ်သိမ်းပါ။

